လေးစားအပ်ပါသော မိဘ သို့မဟုတ် အုပ်ထိန်းသူ-

ကလေးများသည် လေ့လာသင်ယူရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များ လိုအပ်သည်။ **BISHOP DWENGER HIGH SCHOOL** မှ ကျောင်းတက်သည့်နေ့တိုင်းတွင် ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်များကို စားသောက်နိုင်ရန် စီစဉ်ထားပါသည်။ မနက်စာ ကုန်ကျစရိတ် **N/A**; နေ့လည်စာ ကုန်ကျစရိတ် **3.30$**။ **သင့် ကလေးများသည် အခမဲ့ အစားအစာ သို့မဟုတ် ဈေးလျှော့ပေးထားသည့် အစားအစာများ အတွက် ခံစားခွင့်ရနိုင်ပါသည်။** ဈေးလျှော့ထားသည်မှာ မနက်စာအတွက် **N/A** နှင့် နေ့လည်စာ အတွက် **0.40**$ ဖြစ်ပါသည်။ ဤတွင် အခမဲ့ သို့မဟုတ် ဈေးလျှော့စားနိုင်သော အစားအသောက်အကျိုးခံစားခွင့်များအတွက် လျှောက်လွှာနှင့် အသေးစိတ်ညွှန်ကြားချက်များ ပါဝင်သည်။ အောက်ဖော်ပြပါများသည် လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်အတွက် အထောက်အကူဖြစ်စေမည့် အမေးများသည့် မေးခွန်းများနှင့် အဖြေများဖြစ်ပါသည်။

1. မည်သူတွေက အခမဲ့ သို့မဟုတ် လျှော့ဈေး အစားအသောက်များ ရနိုင်မည်နည်း။
   - SNAP (Food Stamps) သို့မဟုတ် TANF မှ အကျိုးခံစားခွင့်များရရှိသော အိမ်ထောင်စုရှိ ကလေးများအားလုံးသည် အခမဲ့ အစားအသောက်များ ရရှိနိုင်မည်ဖြစ်ပါသည်။
   - ကလေးထိန်းသိမ်းကြည့်ရှုစောင့်ရှောက်သော အေဂျင်စီ (foster care agency) သို့မဟုတ် တရားရုံးများမှ တရားဝင် တာဝန်ရှိသောရှိသော ထိန်းသိမ်းစောင့်ရှောက်ခံကလေးများ(foster children) သည် အစားအစာများ အခမဲ့ရရှိရန် အကျုံးဝင်ပါသည်။
   - တက်ရောက်နေသောကျောင်း၏ Head Start အစီအစဉ်တွင် ပါဝင်သည့် ကလေးများသည် အစားအစာများ အခမဲ့ရရှိရန် အကျုံးဝင်ပါသည်။
   - အိုးမဲ့အိမ်မဲ့၊ ထွက်ပြေးသွားသော သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသော ကလေးများသည် အစားအစာများ အခမဲ့ရရှိရန် အကျုံးဝင်ပါသည်။
   - သင့်အိမ်ထောင်စု၏ ဝင်ငွေသည် ပြည်ထောင်စု ဝင်ငွေ သတ်မှတ်ချက်စံနှုန်း လမ်းညွှန်ချက်များပါ ကန့်သတ်ချက်များအတွင်း ရှိနေပါက ကလေးများသည် အခမဲ့ သို့မဟုတ် ဈေး လျှော့စားနိုင်သော အစားအစာများ ရရှိရန် အကျုံးဝင်နိုင်ပါသည်။ သင့်အိမ်ထောင်စုဝင်ငွေသည် ဤဇယားရှိ ကန့်သတ်ချက်တွင် သို့မဟုတ် အောက်သို့ ကျရောက်ပါက သင့်ကလေးများသည် အခမဲ့ သို့မဟုတ် ဈေးလျှော့စားနိုင်သော အစားအစာများကို ရရှိရန် အကျုံးဝင်နိုင်ပါသည်။

| 2025-26 ကျောင်းနှစ်အတွက် ဖက်ဒရယ် အကျိုးခံစားနိုင်ခွင့် ဝင်ငွေဇယား | | | |
|---|---|---|---|
| အိမ်ထောင်စု အရွယ်အစား | နှစ်စဉ် | လစဉ် | အပတ်စဉ် |
| 1 | 28,953 | 2,413 | 557 |
| 2 | 39,128 | 3,261 | 753 |
| 3 | 49,303 | 4,109 | 949 |
| 4 | 59,478 | 4,957 | 1,144 |
| 5 | 69,653 | 5,805 | 1,340 |
| 6 | 79,828 | 6,653 | 1,536 |
| 7 | 90,003 | 7,501 | 1,731 |
| 8 | 100,178 | 8,349 | 1,927 |

| | | | |
|---|---|---|---|
| တစ်ဦးတစ်ယောက်ချင်းစီလျှင်- | +10,175 | +848 | +196 |

2. ကျွန်ုပ်၏ကလေးများသည် အိုးမဲ့အိမ်မဲ့၊ ရွှေ့ပြောင်းနေထိုင်၊ သို့မဟုတ် ထွက်ပြေးသည့် အနေဖြင့် အကျုံးဝင်/မဝင် မည်ကဲ့သို့သိနိုင်မည်နည်း။ သင့်အိမ်ထောင်စုဝင်များသည် အမြဲတမ်းနေရပ်လိပ်စာ ရှိပါသလား။ အမိုးအကာရှိတဲအိမ်၊ ဟိုတယ် သို့မဟုတ် အခြားယာယီအိမ်ရာအစီအစဉ်တွင် အတူနေပါသလား။ သင့်မိသားစုသည် ရာသီအလိုက် ပြောင်းရွှေ့နေထိုင်ပါသလား။ ယခင်မိသားစု သို့မဟုတ် အိမ်ထောင်စုကို စွန့်ခွာရန် ရွေးချယ်ခဲ့ပြီး သင်နှင့်အတူ နေထိုင်သည့် ကလေးများရှိပါသလား။ သင့်အိမ်ထောင်စုရှိ ကလေးများသည် ဤဖော်ပြချက်များနှင့် ကိုက်ညီပြီး သင့်ကလေးများ အစားအသောက်များအခမဲ့ ရရှိမည်ကို မပြောပြထားပါက ကျေးဇူးပြု၍ ဤသို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် အီးမေးလ်ပို့ပါ **AMY JOHNS 260-496-4710; AJOHNS@BISHOPDWENGER.COM**
3. ကလေးတစ်ဦးစီအတွက် လျှောက်လွှာကို ဖြည့်စွက်ရန် လိုအပ်ပါသလား။ မလိုပါ။ သင့်အိမ်ထောင်စုရှိ ကျောင်းသားအားလုံးအတွက် အခမဲ့နှင့် ဈေးလျှော့စားနိုင်သောကျောင်းအစားအစာများလျှောက်လွှာ ကို အသုံးပြုပေးပါ။ မပြည့်စုံသော လျှောက်လွှာကို ကျွန်ုပ်တို့ အတည်ပြု၍မရပါ၊ ထို့ကြောင့် လိုအပ်သော အချက်အလက်အားလုံးကို သေချာဖြည့်သွင်းပါ။ ဖြည့်သွင်းပြီးသော လျှောက်လွှာအား- **BISHOP DWENGER HIGH SCHOOL , ATTN SUSAN SCHENKEL, 1300 E WASHINGTON CTR RD, FORT WAYNE, IN 46825**
4. ကျွန်တော့်ကလေးများသည် အခမဲ့ အစားအသောက်အတွက် ခွင့်ပြုချက်ရပြီးဟု ဤကျောင်းမှပေးစာများ လက်ခံရရှိခဲ့ပြီး ဆိုလျှင်ရော ကျွန်တော် လျှောက်လွှာထပ်ဖြည့်စရာလိုမလား။ မလိုပါ။ သို့သော် လက်ခံရရှိထားသော ပေးစာအား သေချာစွာဖတ်ပြီး ညွှန်းကြားချက်များကို ကျေးဇူးပြု၍လိုက်နာပေးကြပါ။ သင့်အိမ်ထောင်စုရှိ ကလေးတစ်ယောက်ယောက်များသည် ခံစားခွင့်ရှိကြောင်း အကြောင်းကြားစာမှ နာမည်မပါပါက ချက်ချင်း ဒီလိပ်စာကို ဆက်သွယ်ပေးပါ **SUSAN SCHENKEL, 1300 E WASHINGTON CTR RD, FORT WAYNE, IN 46825; 260-496-4752; SSCHENKEL@BISHOPDWENGER.COM** ။
5. ကျွန်တော့်ကလေး၏ လျှောက်လွှာကို ပြီးခဲ့သည့်နှစ်က ခွင့်ပြုချက်အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ အသစ်ထပ်မံလျှောက်စရာ လိုပါသလား။ စစ်ပါမည်။ သင့်ကလေး၏ လျှောက်လွှာသည် ပြီးခဲ့သည့်ကျောင်းတက်ချိန်တစ်နှစ်စာ အတွက်သာအကျုံးဝင်ပြီး ဒီနှစ် ကျောင်းတက်နှစ်၏ ပထမရက်အနည်းငယ် **SEPTEMBER 19, 2025** ထိအတွက်သာဖြစ်ပါသည်။ သင့်ကလေးသည် စာသင်နှစ်သစ်အတွက် ခံစားခွင့်ရှိကြောင်း ကျောင်းမှ အကြောင်းမကြားပါက လျှောက်လွှာအသစ်ပေးပို့ရပါမည်။ ကျောင်းမှ ခွင့်ပြုထားသော လျှောက်လွှာအသစ် မပေးပို့ပါက သို့မဟုတ် သင့်ကလေးသည် အခမဲ့ အစားအစာများ စားသုံးခွင့် ရှိကြောင်း အကြောင်းကြားခံရခြင်း မရှိပါက၊ သင့်ကလေးအား အစားအသောက်များကို ဈေးနှုန်းအပြည့် အတိုင်းကောက်ခံသွားမည် ဖြစ်ပါသည်။
6. ကျွန်တော့ကလေးများသည် ယခင်ကျောင်းတွင် အစားအစာများ အခမဲ့ရရှိခြင်း သို့မဟုတ် ဈေးလျှော့စားနိုင်သော အစားအသောက်များ လက်ခံရရှိပြီးဖြစ်ပါက ထပ်မံလျှောက်သင့်ပါသလား။ အကယ်၍ စာသင်နှစ်၏အစတွင် လာမည့်နှစ်အတွက် သင့်ကလေးများအား အခမဲ့ သို့မဟုတ် ဈေးလျှော့သည့် အစားအစာများ ရရှိမည်ကို အသိပေးအကြောင်းကြားထားခြင်း မရှိသေးပါက၊ ထပ်မံလျှောက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ သင့်ကလေးများသည် စာသင်နှစ်အတွင်း ကျောင်းပြောင်းရွှေ့ပြီး ယခင်ကျောင်းတွင် အခမဲ့ သို့မဟုတ် ဈေးလျှော့စားသည့် အစားအစာများ ရရှိပါက၊ **;SUSAN SCHENKEL, 1300 E WASHINGTON CTR RD, FORT WAYNE, IN 46825; 260-496-4752** SSCHENKEL@BISHOPDWENGER.COM သို့ချက်ချင်း ဆက်သွယ်ပေးပါ။
7. ကျွန်တော်တို့ WIC ရရှိထားပါသည်။ ကျွန်တော့ကလေးများသည် အခမဲ့အစားအစာများ ရနိုင်ပါသလား။ WIC တွင်ပါဝင်သည့် အိမ်ထောင်စုများရှိ ကလေးများသည် အခမဲ့ သို့မဟုတ် ဈေးလျှော့စားသည့် အစားအစာများ ရရှိနိုင်မည် ဖြစ်ပါသည်။ ကျေးဇူးပြု၍ လျှောက်လွှာတင်ပါ။

8. ကျွန်တော်ပေးထားသောအချက်အလက်များကို စစ်ဆေးမှာလား။ စစ်ပါမည်။ သင်တင်ပြသော အိမ်ထောင်စုဝင်ငွေကို စာအားဖြင့် အထောက်အထား အဖြစ်ပေးပို့ရန် ကျွန်တော်တို့ တောင်းဆိုလိမ့်မည်။
9. ကျွန်တော်သည် ယခုအတွက်ခံစားခွင့်မရှိပါက နောက်မှလျှောက်ထားနိုင်ပါသလား။ ဟုတ်ကဲ့၊ စာသင်နှစ်အတွင်းမှာ အချိန်မရွေး လျှောက်ထားနိုင်ပါတယ်။ ဥပမာအားဖြင့်၊ အလုပ်လက်မဲ့ဖြစ်သွားသော မိဘ သို့မဟုတ် အုပ်ထိန်းသူရှိသော ကလေးများသည် အိမ်ထောင်စုဝင်ငွေ သတ်မှတ်ထားသော ကန့်သတ်ချက်အောက်သို့ လျော့သွားပါက အခမဲ့ နှင့် ဈေးလျှော့ထားသည့် အစားအစာများ ရရှိနိုင်မည်ဖြစ်ပါသည်။
10. ကျွန်ုပ်၏လျှောက်လွှာနှင့်ပတ်သက်ပြီး ကျောင်း၏ဆုံးဖြတ်ချက်ကို သဘောမတူပါက မည်ကဲ့သို့လုပ်ဆောင်မည်နည်း။ ကျောင်းတာဝန်ရှိသူများနှင့် ဆွေးနွေးသင့်ပါသည်။ သို့ ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် စာရေးခြင်းဖြင့် ကြားနာခွင့်ရရန်တောင်းဆိုနိုင်ပါသည **;AMY JOHNS 1300 E WASHINGTON CTR RD, FORT WAYNE, IN 46825; 260-496-471** **AJOHNS@BISHOPDWENGER.COM**ကျွန်တော့အိမ်ထောင်စုရှိ တစ်စုံတစ်ဦးသည် အမေရိကန် နိုင်ငံသားမဟုတ်ပါက လျှောက်ထားနိုင်ပါသလား။ စစ်ပါမည်။ သင်နှင့် သင့်ကလေးများ သို့မဟုတ် အခြားအိမ်ထောင်စုဝင်များသည် အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသည့် အစားအစာများအတွက် လျှောက်ထားရန် အမေရိကန် နိုင်ငံသားဖြစ်ရန် မလိုအပ်ပါ။
11. ကျွန်တော့် ဝင်ငွေသည် အမြဲတမ်း မတူညီလျှင်ရော ဘာဖြစ်နိုင်သလဲ။ သင် ပုံမှန် ရရှိသည့်ပမာဏကို စာရင်းပြုစုထားပါ။ ဥပမာအားဖြင့်၊ သင်သည် လစဉ် $1000 ပုံမှန်ရသော်လည်း ပြီးခဲ့သည့်လက အလုပ်ချိန်တစ်ချို့ကို ပျက်ကွက်ခဲ့ပြီး $900 သာရခဲ့ပါက၊ တစ်လလျှင် ဝင်ငွေ $1000 ရှိသည်ဟုရေးလိုက်ပါ။ အကယ်၍ သင်သည် ပုံမှန်အားဖြင့် အချိန်ပိုရပါက ပေါင်းထည့်သွင်းလိုက်ပါ၊ သို့သော် သင်သည် တစ်ခါတစ်ရံမှသာ အချိန်ပိုလုပ်ပါလျှင် ပေါင်းမထည့်ပါနှင့်။ အလုပ်ပြုတ်သွားလျှင် သို့မဟုတ် သင့်အလုပ်ချိန် သို့မဟုတ် လုပ်ခများ လျော့သွားပါက လက်ရှိဝင်ငွေကိုသာ ဖြည့်လိုက်ပါ။
12. အိမ်ထောင်စုဝင်များရှိ အချို့သည် အစီရင်ခံစာတင်ရန် ဝင်ငွေမရှိပါက မည်ကဲ့သို့လုပ်ဆောင်မည်နည်း။ အိမ်ထောင်စုဝင်များသည် ကျွန်ုပ်တို့တောင်းဆိုသော ဝင်ငွေအမျိုးအစားမရှိခြင်း သို့မဟုတ် လုံးဝဝင်ငွေမရှိခြင်းဟူသော အခြေအနေများလည်း ရှိနိုင်ပါသည်။ ဤကဲ့သို့အခြေအနေများတွင် 0 ဟုရေးပေးပါ။ သို့ရာတွင်၊ မည်သည့်ဝင်ငွေဖြည့်ရန်အကွက်ကိုမဆို ဗလာ သို့မဟုတ် ကွက်လပ်ထားခဲ့ပါက၊ ၎င်းတို့ကို လည်း သုညအဖြစ် ရေတွက်မည်ဖြစ်သည်။ ကျေးဇူးပြု၍ ဝင်ငွေအကွက်များကို ကွက်လပ်ချန်ထားသည့်အခါ သတိပြု၍ ဖြည့်ပါ။ မဖြည့်သွင်းထားပါက ကျွန်ုပ်တို့မှ မရှိဟု ယူဆစေခြင်းသည်ဟု မှတ်ယူပါမည်။
13. ကျွန်တော်တို့သည် စစ်တပ်တွင် ရှိပါသည်။ ကျွန်တော်တို့၏ ဝင်ငွေကို သီးခြားစွာ အစီရင်ခံရမှာလား။ သင်၏ အခြေခံလစာနှင့် ငွေသားဘောနပ်စ်များကို ဝင်ငွေအဖြစ် အစီရင်ခံရပါမည်။ အကယ်၍ သင်သည် စစ်တပ်ပြင်ပအိမ်ရာ၊ အစားအသောက် သို့မဟုတ် အဝတ်အထည်များအတွက် ငွေသား ထောက်ပံ့ကြေးများ ရရှိပါက ၎င်းကို ဝင်ငွေအဖြစ် ထည့်သွင်းရမည်ဖြစ်သည်။ သို့သော်လည်း သင့်အိမ်ရာသည် စစ်တပ်ပိုင် အိမ်ရာ အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါက၊ သင်၏ အိမ်ရာထောက်ပံ့ကြေးကို ဝင်ငွေအဖြစ် မထည့်ပါနှင့်။ စစ်တိုက်ထွက်ခြင်းမှ ရရှိသည့် အပိုတိုက်ပွဲဝင်ကြေးမှန်သမျှကိုလည်း ဝင်ငွေတွင် ထည့်သွင်းရန်မလိုပါ။
14. ကျွန်ုပ်၏မိသားစုအတွက် လျှောက်လွှာတွင် နေရာအလုံအလောက်မရှိလျှင် မည်ကဲ့သို့လုပ်ဆောင်မည်နည်း။ သီးခြားစာရွက်တစ်ရွက်ပေါ်တွင် နောက်ထပ်အိမ်ထောင်စုဝင်များကို စာရင်းပြုစုပြီး သင်၏လျှောက်လွှာတွင် ပူးတွဲထည့်ပေးရပါမည်။ ဒုတိယလျှောက်လွှာကိုရယူရန် **SUSAN SCHENKEL, 1300 E WASHINGTON CTR RD, FORT WAYNE, IN 46825; 260-496-4752; SSCHENKEL@BISHOPDWENGER.COM** ကိုဆက်သွယ်ပါ။
15. ကျွန်တော့်မိသားစုသည် အကူအညီပိုမိုလိုအပ်ပါသည်။ ကျွန်တော်တို့လျှောက်ထားနိုင်သော အခြားအစီအစဉ်များ ရှိပါသလား။ SNAP (Food Stamp) သို့မဟုတ် အခြားအကူအညီ အကျိုးခံစားခွင့်များကို မည်သို့လျှောက်ထားရမည်ကို သိရှိရန်၊ ဒေသ အကူအညီပေးရေးရုံးသို့ ဆက်သွယ်ပါ သို့မဟုတ် **1-800-403-0864** သို့ ဖုန်းခေါ်ဆိုပါ။

သင်တွင် အခြားမေးခွန်းများ သို့မဟုတ် အကူအညီလိုအပ်ပါက **260-496-4752** သို့ခေါ်ဆိုလိုက်ပါ။

ခင်မင်စွာဖြင့်

Susan J  Schenkel, Business Manager, Bishop Dwenger High School

# <u>အခမဲ့နှင့် ဈေးလျှော့ထားသည့် ကျောင်းအစားအသောက်များအတွက် လျှောက်ထားနည်း။</u>

အခမဲ့နှင့် ဈေးလျှော့ထားသည့် ကျောင်းအစားအသောက်များလျှောက်လွှာကို ဖြည့်သွင်းရာတွင် အကူအညီဖြစ်စေရန် ဤညွှန်ကြားချက်များကို အသုံးပြုပါ။ သင့်ကလေးများ **BISHOP DWENGER HIGH SCHOOL** အတွင်း <u>ကျောင်းတစ်ခုထက်ပိုတက်နေသော်လည်း အိမ်ထောင်စုတစ်ခုလျှင် လျှောက်လွှာတစ်စောင်သာ တင်သွင်းရန်လိုအပ်ပါသည်။</u> အခမဲ့နှင့် ဈေးလျှော့စားနိုင်သည့် ကျောင်းအစားအသောက်များအတွက် သင့်ကလေး(ကလေးများ)၏ ခံစားခွင့်ကို ဆုံးဖြတ်ရန် လျှောက်လွှာကို အပြည့်အစုံဖြည့်ရပါမည်။ ကျေးဇူးပြု၍ ဤညွှန်ကြားချက်များ အစဉ်အတိုင်း လိုက်နာဆောင်ရွက်ပေးပါ။ ညွှန်ကြားချက်များ၏ အဆင့်တစ်ခုစီသည် သင့်လျှောက်လွှာရှိ အဆင့်များအတိုင်းဖြစ်သည်။ သင်ဘာဆက်လုပ်ရမည်ကို သေချာမသိပါက၊ ကျေးဇူးပြု၍ **SUSAN SCHENKEL; 260-496-4752;** <u>**SSCHENKEL@BISHOPDWENGER.COM**</u> ဆက်သွယ်ပါ။

**လျှောက်လွှာကိုဖြည့်သည့်အခါ ရှင်းလင်းစွာပုံနှိပ်ထုတ်နိုင်ရန် ဘောပင် (ခဲတံမဟုတ်) ကိုသုံးပေးပါ။**

## အဆင့် ၁ မွေးကင်းစကလေးများ၊ ကလေးများ နှင့် အိမ်ထောင်စုတွင် 12 တန်းအထိ ကျောင်းသားများ အားလုံးကို စာရင်းပြုစုပါ။

သင့်အိမ်ထောင်စုတွင် မွေးကင်းစ/ကလေးငယ်များ၊ ကျောင်းမတက်သော ကလေးများနှင့် မူလတန်း/အလယ်တန်း/အထက်တန်းကျောင်းသူ မည်မျှနေထိုင်သည်ကို ပြောပြပါ။ သူတို့သည် သင့်အိမ်ထောင်စု၏ မိသားစုဝင်ဖြစ်ရန်အတွက် သင်နှင့် အမျိုးတော်ရန်မလိုအပ်ပါ။

**ဤနေရာတွင် ကျွန်တော်မည်သူတွေကို စာရင်းသွင်းသင့်သနည်း။** ဤကဏ္ဍကို ဖြည့်သွင်းသောအခါ၊ ကျေးဇူးပြု၍ သင့်အိမ်ထောင်စုရှိ မိသားစုဝင်များအားလုံး ထည့်ပေးပါ-

- အိမ်ထောင်စု၏ဝင်ငွေဖြင့် ပံ့ပိုးပေးနေသော အသက် 18 နှစ် သို့မဟုတ် နှစ်အောက်ကလေးများ
- သင့်စောင့်ရှောက်မှုတွင် တရားရုံး သို့မဟုတ် ပြည်နယ်/ဒေသခံအေဂျင်စီမှတဆင့် တရားဝင်ထိန်းသိမ်းကြည့်ရှုစောင့်ရှောက်ခြင်းအစီအစဉ်ဖြင့် သို့မဟုတ် အိုးမဲ့အိမ်မဲ့၊ ရွှေ့ပြောင်းနေထိုင်သူ သို့မဟုတ် ထွက်ပြေးသွားသော လူငယ်များအဖြစ် ခံစားခွင့်ရှိသူ၊
- တက်ရောက်နေသော ကျောင်းသားများ <u>(အသက်ရွယ်ပိုင်းခြားမှုမရှိပဲ)</u> **BISHOP DWENGER HIGH SCHOOL**

| | | | |
|---|---|---|---|
| **က) ကလေးတစ်ဦးစီ၏နာမည်ကို စာရင်းပြုစုပါ။** ကလေးတစ်ဦးစီ၏နာမည်ကို ပုံနှိပ်ပါ။ ကလေးတစ်ဦးစီအတွက် လျှောက်လွှာတစ်ကြောင်းစီကို အသုံးပြုပေးပါ။ လျှောက်လွှာတွင် စာကြောင်းများထက် ကလေးများ ပိုများနေပါက နောက်ထပ်ကလေးများအတွက် လိုအပ်သော အချက်အလက်အားလုံးနှင့်အတူ ဒုတိယစာရွက်တစ်ရွက်ကို ပူးတွဲပေးပါ။ “MI” သည် အလယအမည်၏ အတိုကောက်ဖြစ်သည်။ ဘောက်စ်တွင် ကလေးတစ်ဦးစီ၏ အလယ်နာမည်၏ ပထမစာလုံးကို ရိုက်နှိပ်ပါ။ | **ခ) ကလေးသည် ကျောင်းသားဖြစ်ပါသလား။** ဟုတ်ပါက၊ ကျောင်းသား၏အတန်းအဆင့်ကို "အတန်း" ကော်လံတွင် ရေးပါ။ ကျောင်းသားများအတွက်၊ ကျောင်းအဆောက်အဦအမည်၊ မွေးနေ့နှင့် ကျောင်းသားသည် မိဘ သို့မဟုတ် ကြည့်ရှုစောင့်ရှောက်သူနှင့်အတူနေထိုင်နေသလားအပါအဝင် "ကျောင်းသားများအတွက်သာ" အပိုင်းကိုလည်း ဖြည့်စွက်ပေးပါ။ | **ဂ) သင့်တွင် ကြည့်ရှုထိန်းသိမ်းစောင်ရှောက်နေသော သားသမီးရှိပါသလား။** စာရင်းသွင်းထားသော ကလေးများသည် ကြည့်ရှုထိန်းသိမ်းစောင်ရှောက်နေသော ကလေးများဖြစ်ပါက ကလေး၏အမည်ဘေးရှိ “ကြည့်ရှုထိန်းသိမ်းစောင်ရှောက်နေသော ကလေး” အကွက်ကို အမှတ်ခြစ်ပေးပါ။ အကယ်၍ သင်သည် ကြည့်ရှုထိန်းသိမ်းစောင်ရှောက်နေသော ကလေးများအတွက်သာ လျှောက်ထားပါက **အဆင့် 1** ပြီးပါက၊ **အဆင့် 4** သို့သွားပါ။ သင်နှင့်အတူနေထိုင်သော မွေး ကြည့်ရှုထိန်းသိမ်းစောင်ရှောက်နေသော ကလေးများကို သင့်အိမ်ထောင်စုဝင်များအဖြစ် ထည့်သွင်းရေတွက်နိုင်ပြီး သင့်လျှောက်လွှာတွင် စာရင်းသွင်းသင့်ပါသည်။ အကယ်၍ သင်သည် ကြည့်ရှုထိန်းသိမ်းစောင်ရှောက်နေသော ကလေးင့် စောင့်ရှောက်နေသည်ဟုတ်သော ကလေးများအတွက် လျှောက်ထားပါက အဆင့် 3 သို့ သွားပါ။ မှတ်ချက်- မွေးစားကလေးများကို ကြည့်ရှုထိန်းသိမ်းစောင်ရှောက်နေသော ကလေးများအဖြစ် မသတ်မှတ်ပါ။ ကြည့်ရှုထိန်းသိမ်းစောင်ရှောက်နေသော ကလေးများသည် အသက်မပြည့်သေးသော ကလေးများဖြစ်ပြီး နိုင်ငံတော်မှ ထိန်းသိန်းအုပ်ချုပ်ခွင့်ရှိပြီး ၎င်းတို့မိဘ သို့မဟုတ် အုပ်ထိန်းသူ၏အစား၊ နိုင်ငံမှ စစ်ဆေး ခန့်အပ်ထားသော ကလေး ပြုစုစောင့်ရှောက်ရေးနိုင်ငံပိုင်လိုင်စင်ရ အရွယ်ရောက်ပြီးသူနှင့် အတူ ထားရှိသည့် အရွယ်မရောက်သေးသော ကလေးဖြစ်သည်။ | **ဃ) အိုးမဲ့အိမ်မဲ့၊ ရွှေ့ပြောင်းနေထိုင်သူ သို့မဟုတ် ထွက်ပြေးတိမ်းရှောင်နေသည့် ကလေးငယ်များ ရှိပါသလား။** ဤကဏ္ဍတွင်ဖော်ပြထားသော ကလေးတိုင်းသည် ဤဖော်ပြချက်နှင့် ကိုက်ညီသည်ဟု သင်ယုံကြည်ပါက၊ ကလေး၏အမည်ဘေးရှိ “အိုးမဲ့အိမ်မဲ့၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ထွက်ပြေးသွားခြင်း” အကွက်ကို အမှန်ခြစ်ပြီး လျှောက်လွှာ၏ အဆင့်အားလုံးကို ဖြည့်စွက်ပါ။ အိုးမဲ့အိမ်မဲ့၊ ရွှေ့ပြောင်းနေထိုင်သူ၊ ထွက်ပြေးသွားသည့် အခြေအနေအား သင့်လျော်သော အစီအစဉ်ဝန်ထမ်းများနှင့် အတည်ပြုရပါမည်။ ကျောင်းခရိုင်မှ သင့်ကျောင်းသား၏ အိုးမဲ့အိမ်မဲ့၊ ရွှေ့ပြောင်းနေထိုင်သူ သို့မဟုတ် ထွက်ပြေးသွားသည့် အခြေအနေကို အတည်မပြုနိုင်ပါက၊ ကျောင်းခရိုင်သည် ဝင်ငွေအခြေခံလျှောက်လွှာကို ဖြည့်သွင်းရန် သင့်ထံ ဆက်သွယ်ပေးပါလိမ့်မည်။ ကျောင်းခရိုင်မှ သင့်အား နောက်မှဆက်သွယ်ရန် လိုအပ်လာနိုင်ချေကို တားဆီးရန်အတွက် ယခု ဝင်ငွေအချက်အလက်ကို ပေးဆောင်ရန် သင်ရွေးချယ်နိုင်ပါသည်။ |

## အဆင့် 2 SNAP သို့မဟုတ် TANF တွင် လက်ရှိအိမ်ထောင်စုဝင်များ ပါဝင်ပါသလား။

**သင့်အိမ်ထောင်စုရှိ မည်သူမဆို (သင်အပါအဝင်) သည် အောက်တွင်ဖော်ပြထားသော အကူအညီအစီအစဉ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစီအစဉ်များတွင် လက်ရှိပါဝင်နေပါက၊ သင့်ကလေးများသည် ကျောင်းစာအခမဲ့အတွက် ခံစားခွင့်ရှိပါသည်-**

- ဖြည့်စွက်အာဟာရအကူအညီအစီအစဉ် (SNAP)။
- လိုအပ်နေသော မိသားစုများအတွက် ယာယီအကူအညီ (TANF)။

| က) သင့်အိမ်ထောင်စုတွင် မည်သူမျှ အထက်ဖော်ပြပါ အစီအစဉ်များတွင် ပါဝင်ခြင်းမရှိပါက- | ခ) သင့်အိမ်ထောင်စုရှိ မည်သူမဆို အထက်ဖော်ပြပါ အစီအစဉ်များတွင် ပါဝင်ပါက- |
|---|---|
| • **အဆင့် 2** ကို ကွက်လပ် ချန်ပြီး **အဆင့် 3** သို့ သွားပါ။ | • SNAP သို့မဟုတ် TANF အတွက် အမှုနံပါတ်တစ်ခုရေးပါ။ အမှုတွဲနံပါတ်တစ်ခုသာ ပေးရန်လိုအပ်သည်။ ဤအစီအစဉ်များထဲမှတစ်ခုတွင် သင်ပါဝင်ပြီး သင့်အမှုတွဲနံပါတ်ကို မသိပါက၊ 1-800-403-0864.<br>• **အဆင့် 4** သို့သွားပါ။ |

## အဆင့် 3 အိမ်ထောင်စုဝင်များအားလုံးအတွက် ဝင်ငွေအစီရင်ခံစာ

**ကျွန်ုပ်၏ ဝင်ငွေကို မည်သို့အစီရင်ခံမည်နည်း။**

- သင့်အိမ်ထောင်စုတွင် အစီရင်ခံရန် ဝင်ငွေရှိ/မရှိ ဆုံးဖြတ်ရန် **"လူကြီးများအတွက် ဝင်ငွေအရင်းအမြစ်များ"**နှင့် **"ကလေးများအတွက် ဝင်ငွေအရင်းအမြစ်များ"** ခေါင်းစဉ်တပ်ထားသော ဇယားများကို အသုံးပြုပါ။

| ကလေးများအတွက် ဝင်ငွေအရင်းအမြစ်များ | |
|---|---|
| **ကလေးဝင်ငွေအရင်းအမြစ်များ** | **ဥပမာ(များ)** |
| - အလုပ်မှ ဝင်ငွေများ | ကလေးတစ်ဦးတွင် လစာ သို့မဟုတ် လုပ်အားခများ ရနိုင်သော ပုံမှန်အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်းအလုပ်တစ်ခုရှိ နေပါသည်။ |
| - လူမှုဖူလုံရေး<br>- မသန်စွမ်းမှုငွေပေးချေမှုများ<br>- အသက်ရှင်ကျန်ရစ်သူများအတွက်အကျိုးကျေးဇူးများ | - ကလေးသည် မျက်မမြင် သို့မဟုတ် မသန်စွမ်းဖြစ်ပြီး လူမှုဖူလုံရေး ခံစားခွင့်များကိုရရှိနေသည်။<br>- မိဘသည် မသန်စွမ်းသူ၊ အငြိမ်းစား သို့မဟုတ် ကွယ်လွန်သွားခဲ့ပြီး ကလေးသည် လူမှုဖူလုံရေး ခံစားခွင့်များကို ရရှိနေသည်။ |
| -အိမ်ထောင်စုပြင်ပရှိလူမှ ဝင်ငွေ | - သူငယ်ချင်း သို့မဟုတ် မိသားစုဝင်တစ်ဦးမှ ကလေးအသုံးပြုရန် ငွေထောက်ပံ့ခြင်းကို ပုံမှန်ပေးသည်။ |
| - အခြားသော အရင်းအမြစ်များမှ ဝင်ငွေ | - ကလေးတစ်ဦးသည် ကိုယ်ပိုင်ပင်စင်ရန်ပုံငွေ၊ နှစ်စဉ်ကြေး သို့မဟုတ် အပ်နှံထားသောငွေများမှ |

| | |
|---|---|
| | ပုံမှန်ဝင်ငွေရရှိသည် |

| လူကြီးများအတွက် ဝင်ငွေအရင်းအမြစ်များ | | |
|---|---|---|
| **အလုပ်မှ ဝင်ငွေ** | **ပြည်သူ့အကူအညီ / စားစရိတ် / ကလေးပံ့ပိုးမှု** | **ပင်စင်/အငြိမ်းစား/ အခြားဝင်ငွေအားလုံး** |
| - လစာ၊ လုပ်အားခ၊ ငွေသားဘောနပ်စ်များ<br>- ကိုယ်ပိုင်လုပ်ငန်း (လယ်ယာ သို့မဟုတ် လုပ်ငန်း) မှ အသားတင်ဝင်ငွေ<br>အကယ်၍ သင်သည် U.S. Military တွင် ရှိနေပါက<br>- အခြေခံလစာနှင့် ငွေသားဘောနပ်စ်များ (တိုက်ခိုက်ရေးလစာ၊ FSSA သို့မဟုတ် ပုဂ္ဂလိကပိုင် အိမ်ရာစရိတ်များ မပါဝင်ပါ)<br>- အခြေချနေထိုင်ခွင့်၊ စားနပ်ရိက္ခာနှင့် အဝတ်အထည်များအတွက် ထောက်ပံ့ကြေး | - အလုပ်လက်မဲ့ အကျိုးခံစားခွင့်<br>- လုပ်သမားလျော်ကြေး<br>- ဖြည့်စွက်လုံခြုံရေး ဝင်ငွေ (SSI)<br>- ပြည်နယ် သို့မဟုတ် ဒေသန္တရ အစိုးရထံမှ ငွေသားအကူအညီ<br>- စားစရိတ် ပေးချေခြင်း<br>- ကလေးထောက်ပံ့ကြေး<br>- စစ်မှုထမ်းဟောင်းများ၏ အကျိုးခံစားခွင့်များ<br>- ဒဏ်ခတ်ခြင်း အကျိုးခံစားခွင့်များ | - လူမှုဖူလုံရေး (ရထားလမ်းအငြိမ်းစားနှင့် အဆုတ်အနက်ရောင်အကျိုးခံစားခွင့်များအပါအဝင်)<br>- ပုဂ္ဂလိက ပင်စင်လစာများ သို့မဟုတ် မသန်မစွမ်း ခံစားခွင့်များ<br>- အပ်နှံသားသောငွေများ သို့မဟုတ် အိမ်ခြံမြေများမှ ပုံမှန်ဝင်ငွေ<br>- နှစ်စဉ်ကြေးများ<br>- ရင်းနှီးမြှုပ်နှံမှု ဝင်ငွေ<br>- အတိုးနှုန်း<br>- အိမ်ငှားရမ်းခဝင်ငွေ<br>- အိမ်ပြင်ပမှ ပုံမှန်ငွေသား ပေးချေခြင်း |

- စုစုပေါင်း ဝင်ငွေတွင် ပမာဏအားလုံးကို အစီရင်ခံပါ။ ဝင်ငွေအားလုံးကို ဒေါ်လာအပြည့်ဖြင့် အစီရင်ခံပါ။ ပြား (cents) မထည့်ပါနဲ့။
    - စုစုပေါင်းဝင်ငွေဆိုသည်မှာ **အခွန်နှင့် နုတ်ယူခြင်းမပြုမီ ရရှိသည့်** စုစုပေါင်းဝင်ငွေဖြစ်သည်။

- ○ လူတော်တော်များများသည် “စုစုပေါင်းဝင်ငွေ” ပမာဏကို ၎င်းတို့ “အိမ်ပြန်ယူလာ” သည့်ပမာဏဟု ထင်ကြပြီး ရရှိသည့်ငွေ၌ စုစုပေါင်းနှင့် မှားတတ်ကြပါသည်။ ဤလျှောက်လွှာတွင် သင်တင်ပြသောဝင်ငွေသည် အခွန်များ၊ အာမခံပရီမီယံကြေးများ သို့မဟုတ် သင့်ပေးဆောင်မှုမှုရယူသည့် အခြားပမာဏများအတွက် ပေးဆောင်ရန် လျှော့မထားကြောင်း သေချာအောင်လုပ်ပါ။
- အစီရင်ခံရန် ဝင်ငွေမရှိသော အကွက်တွင်မဆို “0” ဟုရေးပေးပါ။ အကယ်၍ သင်သည် '0' ဟုရေးပါက သို့မဟုတ် ကွက်လပ်ထားခဲ့ပါက၊ သင်သည် အစီရင်ခံရန် ဝင်ငွေမရှိကြောင်း (ကတိပေးကြောင်း) တင်ပြနေခြင်းဖြစ်ပါသည်။ အကယ်၍ သင်သည် '0' ဟုရေးပါက သို့မဟုတ် မည်သည့်အကွက်များကို ကွက်လပ်ထားခဲ့ပါက၊ သင်သည် အစီရင်ခံရန် ဝင်ငွေမရှိကြောင်း (ကတိပေးကြောင်း) ဟု အသိအမှတ်ပြုပါမည်။ သင့်အိမ်ထောင်စုဝင်ငွေကို မှားယွင်းစွာအစီရင်ခံသည်ဟု ဒေသခံအရာရှိများက သံသယရှိပါက သင်၏လျှောက်လွှာကို စုံစမ်းစစ်ဆေးမည်ဖြစ်သည်။
- အကွက်တစ်ခုစီ၏ညာဘက်ရှိ အမှတ်ခြစ်ကွက်များကို အသုံးပြု၍ ဝင်ငွေအမျိုးအစားတစ်ခုစီကို မည်မျှလက်ခံရရှိသည်ကို ခြစ်ပါ။

## 3-A. လူကြီးများ၏ ဝင်ငွေရရှိမှု အစီရင်ခံစာ

**ဤနေရာတွင် ကျွန်တော်မည်သူတွေကို စာရင်းသွင်းသင့်သနည်း။**

- ဤကဏ္ဍကို ဖြည့်စွက်သောအခါတွင်၊ သင့်အိမ်ထောင်စုရှိ သင်နှင့်အတူနေထိုင်ပြီး ဝင်ငွေနှင့် ကုန်ကျစရိတ် မျှခံသော အရွယ်ရောက်ပြီးသူအားလုံးပါဝင်ရမည်ဖြစ်ပါသည်။ <u>ပ ၎င်းတို့သည် သင်နှင့် အမျိုးမတော်ဘဲ ၎င်တို့ ကိုယ်ပိုင်ဝင်ငွေမရရှိလျှင်ပင် ထည့်သွင်းရမည်ဖြစ်သည်။</u>
- *မထည့်သွင်းရန်*
  - ○ သင်နှင့်အတူနေထိုင်သော်လည်း သင့်အိမ်ထောင်စု၏ဝင်ငွေမှ ပံ့ပိုးမထားသောသူများနှင့် သင့်အိမ်ထောင်စုအတွက် ဝင်ငွေကို ပံ့ပိုးပေးခြင်းမရှိသောသူ။
  - ○ **အဆင့် ၁** တွင် စာရင်းထည့်ထားပြီးသော မွေးကင်းစကလေးများ၊ ကလေးများနှင့် ကျောင်းသား။

| | | |
|---|---|---|
| **၁) လူကြီး အိမ်ထောင်စုဝင်များ၏ နာမည်များကို စာရင်းပြုစုပါ။** “လူကြီးအိမ်ထောင်စုဝင်များ၏ နာမည်များ (ပထမနှင့်မျိုးရိုး)” ဟု အမှတ်အသားပြုထားသည့် အကွက်များတွင် အိမ်ထောင်စုဝင်တစ်ဦးစီ၏အမည်ကို ထည်းရေးပေးပါ။ အခွန်ဆောင်ရာတွင် အမှီအခိုကင်းစွာ ဟုမဆိုထားပါက ကောလိပ်ကျောင်းသားများကို ပါဝင်ထည့်ပေးပါ (ကောလိပ်ကျောင်းသားများအားလုံးကို အရွယ်ရောက်ပြီးသူအဖြစ် သတ်မှတ်သည်)။ <u>**အဆင့် 1** တွင် စာရင်းထည့်သွင်းထားသော အိမ်ထောင်စုဝင်များကို စာရင်းမသွင်းရန်။</u> | **၂) အလုပ်မှရရှိသောဝင်ငွေစာရင်း။** လျှောက်လွှာတွင် "အလုပ်မှရရှိငွေ" အကွက်တွင် အလုပ်မှရရှိသောဝင်ငွေအားလုံးကို သတင်းပို့ရမည်။ အများအားဖြင့် အလုပ်တွင် အလုပ်လုပ်ကိုင်ခြင်းမှ ရရှိသောငွေဖြစ်သည်။ အကယ်၍ သင်သည် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လယ်ယာပိုင်ရှင်ဖြစ်ပါက သင်၏အသားတင်ဝင်ငွေကို အစီရင်ခံပါမည်။<br>• ***ကျွန်ုပ်လုပ်နေသော အလုပ်အရေအတွက်များလျှင် မည်သို့လုပ်ကိုင်ရမည်နည်း။*** *လိုင်းအသစ်တစ်ခုတွင် အလုပ်တစ်ခုစီမှ သင့်နာမည်နှင့် ဝင်ငွေကို ထည့်သွင်းခြင်းဖြင့် အလုပ်တစ်ခုစီကို သီးခြားစီစာရင်းပြုစုပေးပါ။ လိုအပ်ပါက နောက်ထပ်စာရွက်တစ်ရွက်ထည့်ပါ။* | **၃) ပြည်သူ့အကူအညီ/ ကလေးထောက်ပံ့မှု/ စရိတ်စကမှ ဝင်ငွေကို စာရင်းပြုလုပ်ပါ။** လျှောက်လွှာ ပေါ်ရှိ "ပြည်သူ့ကူညီရေး/ကလေးထောက်ပံ့ရေး/စားစရိတ်" အကွက်တွင် အကျုံးဝင်သည့် ဝင်ငွေအားလုံးကို အစီရင်ခံရမည်။ <u>ဇယားတွင်ဖော်ပြထားခြင်းမရှိသော ပြည်သူ့အကူအညီအကျိုးခံစားခွင့်များ၏ ငွေသားတန်ဖိုးကို မတင်ပြပါနှင့်။</u> ကလေးထောက်ပံ့မှု သို့မဟုတ် စားစရိတ်ကမှ ဝင်ငွေရရှိပါက တရားရုံးမှ အမိန့်ပေးငွေပြေစာများကိုသာ အစီရင်ခံရန်။ အလွတ်သဘောမဟုတ်ဘဲ ပုံမှန်ငွေပေးချေမှုများကို နောက်အပိုင်းတွင် "အခြား" ဝင်ငွေအဖြစ် အစီရင်ခံရပါမည်။ |

| | | |
|---|---|---|
| | • ***ကျွန်တော်သည် ကိုယ်ပိုင်လုပ်ငန်းဖြစ်လျှင် မည်သို့လုပ်ဆောင်မည်နည်း။*** ထိုလုပ်ငန်းမှ ဝင်ငွေကို အသားတင်ပမာဏအဖြစ် အစီရင်ခံပါ။ သင့်လုပ်ငန်း၏ စုစုပေါင်းလည်ပတ်မှုကုန်ကျစရိတ်များကို စုစုပေါင်းပြေစာများ သို့မဟုတ် ဝင်ငွေများမှ နုတ်ခြင်းဖြင့် တွက်ချက်နိုင်သည်။<br>**အဆင့် 1** တွင် စာရင်းသွင်းထားသော ကလေးတစ်ဦးတွင် ဝင်ငွေရှိပါက၊ **အဆင့် 3၊ အပိုင်း B** ရှိ ညွှန်ကြားချက်များအတိုင်းပြန်လုပ်ပေးပါ။ | |
| **၄) ပင်စင်/အငြိမ်းစား/အခြားဝင်ငွေအားလုံးမှ ဝင်ငွေစာရင်း။** လျှောက်လွှာပေါ် ရှိ “ပင်စင်/အငြိမ်းစား/အခြားဝင်ငွေအားလုံး” အကွက်တွင် သက်ဆိုင်သည့် ဝင်ငွေအားလုံးကို အစီရင်ခံပါ။ ***ဤအမျိုးအစားတွင် ရင်းမြစ်များစွာမှ ဝင်ငွေရရှိပါက မည်သို့ဖြစ်မည်နည်း။*** လိုင်းအသစ်တစ်ခုတွင် အရင်းအမြစ်တစ်ခုစီမှ သင့်နာမည်နှင့် ဝင်ငွေကို ထည့်သွင်းခြင်းဖြင့် အရင်းအမြစ်တစ်ခုစီကို သီးခြားစီစာရင်းပြုစုပါ။ လိုအပ်ပါက နောက်ထပ်စာရွက်တစ်ရွက်ထည့်ပါ။ | **၅) စုစုပေါင်း အိမ်ထောင်စု အရွယ်အစားကို စာရင်းပြုစုပါ။** “စုစုပေါင်း အိမ်ထောင်စုဝင်များ (ကလေးများနှင့် အရွယ်ရောက်ပြီးသူများ)” အကွက်တွင် အိမ်ထောင်စုဝင် စုစုပေါင်းအရေအတွက်ကို ထည့်သွင်းပေးပါ။ ဤနံပါတ်သည် **အဆင့် 1** နှင့် **အဆင့် 3** တွင်ဖော်ပြထားသော အိမ်ထောင်စုဝင်အရေအတွက်နှင့် ကိုက်ညီရပါမည် လျှောက်လွှာတွင် စာရင်းမသွင်းရသေးသော သင့်အိမ်ထောင်စုဝင်များရှိပါက ပြန်သွားပြီး ပြန်လည် စာရင်ထည့်သွင်းပေးပါ။ သင့်အိမ်ထောင်စုအရွယ်အစားသည် အခမဲ့နှင့် ဈေးနှုန်းလျှော့ထားသော အစားအစာများအတွက် သင့်အခွင့်အရေးရရှိမှုကို သက်ရောက်မှုရှိသောကြောင့် အိမ်ထောင်စုဝင်အားလုံးကို စာရင်းပြုစုရန် အလွန်အရေးကြီးပါသည်။ | **၆) သင်၏ လူမှုဖူလုံရေးနံပါတ်၏ နောက်ဆုံးဂဏန်းလေးလုံးကို ပေးပါ။** အရွယ်ရောက်ပြီးသူ အိမ်ထောင်စုဝင်တစ်ဦးသည် ပေးထားသည့်နေရာ၌ သူတို့ လူမှုဖူလုံရေးနံပါတ်၏ နောက်ဆုံးဂဏန်းလေးလုံးကို ထည့်သွင်းရပါမည်။ သင့်တွင် လူမှုဖူလုံရေးနံပါတ်မရှိသော်လည်း အကျိုးခံစားခွင့်များအတွက် လျှောက်ထားရန် အခွင့်အရေးရှိပါသည်။ အရွယ်ရောက်ပြီးသူအိမ်ထောင်စုဝင်များတွင် လူမှုဖူလုံရေးနံပါတ်မရှိပါက၊ ဤနေရာကို ကွက်လပ်ထားခဲ့ပြီး “လူမှုဖူလုံရေးနံပါတ် မရှိလျှင်စစ်ဆေးပါ” ဟု တပ်ထားသည့် ညာဘက်ရှိ အကွက်ကို အမှန်ခြစ်ပေးပါ။ |

**3-B။ ကလေးများရရှိသော ဝင်ငွေအစီရင်ခံစာ**

**ကလေးများမှရရှိသော သို့မဟုတ် ရရှိသည့်ဝင်ငွေအားလုံးကို အစီရင်ခံပါ။ အဆင့် 1** တွင်ဖော်ပြထားသော သင့်အိမ်ထောင်စုရှိ "ကလေးဝင်ငွေ" ဟု အမှတ်အသားပြုထားသည့် အကွက်တွင် ကလေး အားလုံး အတွက် ပေါင်းစပ်ဝင်ငွေစုစုပေါင်းကို အစီရင်ခံပါ။ ကျန်ရှိသောအိမ်ထောင်စုနှင့်အတူ ကြည့်ရှုစောင့်ရှောက်ထားသောကလေးကိုပါ ပူပေါင်း လျှောက်ထားမှသာထိုကလေး၏ဝင်ငွေကို ရေတွက်ရမည်။

- ***ကလေးဝင်ငွေဆိုတာဘာလဲ။*** ကလေးဝင်ငွေဆိုသည်မှာ သင့်ကလေးအား တိုက်ရိုက်ပေးဆောင်သော သင့်အိမ်ထောင်စုပြင်ပမှ ရရှိသောငွေဖြစ်ပါသည်။ အိမ်ထောင်စု အတော်များများတွင် ကလေးဝင်ငွေ မရှိကြပါ။

## အဆင့် ၄ ဆက်သွယ်ရန်အချက်အလက်နှင့် အရွယ်ရောက်ပြီးသူ လက်မှတ်

*လျှောက်လွှာအားလုံးကို အိမ်ထောင်စု၏ အရွယ်ရောက်ပြီးသူတိုင်းက လက်မှတ်ရေးထိုးရပါမည်။ အိမ်ထောင်စုဝင်သည် လျှောက်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့်၊ အချက်အလက်အားလုံးကို အမှန်အတိုင်း အပြည့်အဝ အစီရင်ခံကြောင်း ကတိပြုခြင်းဖြစ်ပါသည်။ ဤအပိုင်းကိုအကုန်မဖြည့်မီ၊ လျှောက်လွှာ၏နောက်ကျောရှိ ကိုယ်ရေးကိုယ်တာနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်များကို သေချာစွာဖတ်ရှုထားပေးပါ။*

| **က) သင်၏ဆက်သွယ်ရန် အချက်အလက်ကို ပေးပါ။** | **ခ) သင့်နာမည် ရေးပြီး လက်မှတ်ထိုးပါ။** | **ဂ) ဖြည့်သွင်းထားသော ဖောင်ပုံစံကို ဤသို့ စာတိုက်မှပို့ပါ** |
|---|---|---|
| ဤအချက်အလက်ရနိုင်လျှင် ပေးထားသောအကွက်များတွင် သင်၏လက်ရှိစာပို့ရန်အိမ်လိပ်စာကို ရေးပါ။ အမြဲတမ်းလိပ်စာမရှိရင်လည်း ရပါတယ်။ သင့်ထံ ဆက်သွယ်လိုလျှင် ကျွန်ုပ်တို့အမြန်ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ သို့မဟုတ် နှစ်ခုလုံးကို မျှဝေရန် ရွေးချယ်နိုင်ပါသည်။ | လျှောက်လွှာကို လက်မှတ်ရေးထိုးသော အရွယ်ရောက်ပြီးသူ၏အမည်ကို ပရင့်ထုတ်ပြီး "လူကြီး၏ လက်မှတ်" အကွက်တွင် လက်မှတ်ရေးထိုးပါ။ | BISHOP DWENGER HIGH SCHOOL<br>ATTN: SUSAN SCHENKEL<br>13OO E WASHINGTON CTR RD<br>FORT WAYNE, IN 46825 |

## အဆင့် 5 အခြားသော ခံစားခွင့်များ – ချန်ထားနိုင်သည်

အောက်ဖော်ပြပါ အပိုင်းများသည် ကိုယ်စိတ်ကြိုက်ရွေးချယ်နိုင်ပြီး အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသည့် ကျောင်းအစားအစာများအတွက် သင့်ကလေးများ၏ ခံစားနိုင်မှုကို မထိခိုက်စေပါ။

**က) ကျောင်းသုံးဖတ်စာအုပ်အကူအညီ**

ကျောင်းသုံးဖတ်စာအုပ်အကူအညီကို ရယူလိုပါက 'Yes' ကိုအမှန်ခြစ်ပြီး ညာဘက် အပိုင်းတွင် ဖတ်ပါ၊ လက်မှတ်ထိုးပြီး ရက်စွဲထည့်လိုက်ပါ။ ကျောင်းသုံးဖတ်စာအုပ်အကူအညီကို မရယူလိုပါက 'No' ကိုအမှန်ခြစ်ပါ။

**ခ) ကလေးများ၏ လူမျိုးရေးနှင့် တိုင်းရင်းသားဖြစ်တည်မှုများကို မျှဝေပါ (ချန်ထားနိုင်သည်)။** လျှောက်လွှာ၏နောက်ကျောဘက်တွင် သင့်ကလေးများ၏ လူမျိုးရေးနှင့် တိုင်းရင်းသားဖြစ်တည်မှုများကို မျှဝေရန်မေးထားပါသည်။ ဤအကွက်သည် မိမိစိတ်ကြိုက်ရွေးချယ်နိုင်ပြီး အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသည့် ကျောင်းအစားအစာများအတွက် သင့်ကလေးများ၏ ခံစားခွင့်ကို မထိခိုက်စေပါ။ ဤအချက်အလက်သည် ပြည်ထောင်စုပြည်သူ့အခွင့်အရေးဥပဒေများနှင့် ပြည်နယ်၏လိုက်နာမှုတို့ကို ဆုံးဖြတ်ရန် ရည်ရွယ်ချက်အတွက်သာ တောင်းဆိုထားပြီး သင်၏တုံ့ပြန်မှုသည် သင့်လျှောက်လွှာအပေါ် ထည့်သွင်းစဉ်းစားခြင်းကို ထိခိုက်စေမည်မဟုတ်သည့်အပြင် လျှို့ဝှက်အက်ဥပဒေဖြင့် အကာအကွယ်ပေးပါမည်။

**လျှောက်လွှာကို သင့်ကလေး၏ကျောင်းသို့ တိုက်ရိုက်ပြန်ပို့ပေးပါ။ USDA ပြည်သူ့အခွင့်အရေးဆိုင်ရာ လက်ထောက်အတွင်းဝန်ရုံးသို့ လျှောက်လွှာများအကြောင်း မေးလ်၊ ဖက်စ် သို့မဟုတ် အီးမေးလ်မပို့ပါနှင့် မဟုတ်ရင် သင့်ကလေး၏ အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသည့်အစားအစာများအတွက် ခံစားခွင့်ကိုနှောင့်နှေးစေမည်ဖြစ်ပါသည်။**